myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

July 8, 2019 | Volume 21, Number 6

## ကန့်သတ်ထားသော အမျိုးအစားအသစ်ဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ကဏ္ဍပိုမိုဖွင့်လှစ်ပေးလာသည့် တရုတ်နိုင်ငံ

တရုတ်နိုင်ငံသည် အခွင့်အလမ်းပိုမိုဖွင့်ပေးပြီး၊ အစုရှယ်ယာအများစု ထိန်းချုပ်ခွင့် သို့မဟုတ် ပိုမိုများပြားသောကဏ္ဍများတွင် အပြည့်အဝလုပ်ငန်း ပိုင်ဆိုင်မှုရှိစေရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ခွင့်ပြုပေးသည့် ပြန်လည်သုံးသပ်ထားသော ကန့်သတ်ရင်းနှီးမြှုပ်နှံမှုစာရင်းကို ဇွန်လ(၃၀)ရက်နေ့တွင် စတင် မိတ်ဆက်ခဲ့ပါသည်။

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနှင့် နိုင်ငံတော်ကောင်စီတို့၏ အတည်ပြုချက်ဖြင့် အမျိုးသားအဆင့်ဖွံ့ဖြိုးမှုနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် (NDRC)နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့က ၂၀၁၉ ခုနှစ်၏ ကန့်သတ်ထားသော ရင်းနှီးမြှုပ်နှံမှု စာရင်းကို ထုတ်ပြန်ကြေငြာခဲ့ခြင်းဖြစ်ပါသည်။ ၄င်းစာရင်းတွင် အခွင့်အလမ်းရရှိမှုကို ကန့်သတ်ထားသော စီမံဆောင်ရွက်မှု အနည်းငယ်ပါဝင်ပြီး၊ စမ်းသပ်ဆောင်ရွက်နေဆဲဖြစ်သည့် လွတ်လပ်သော ကုန်သွယ်ရေးဇုန်များ (FTZ) အတွက် စာရင်းတစ်ရပ်နှင့် နိုင်ငံ၏ ကျန်နေရာများ အတွက် စာရင်းတစ်ရပ်ပါဝင်ပါသည်။ စမ်းသပ်ဆောင်ရွက်နေဆဲဖြစ်သည့် FTZ များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် စာရင်းတွင်ပါဝင်ထားသော အမျိုးအစား (၃၇)ခုရှိပြီး၊ FTZ မဟုတ်သော နယ်ပယ်များတွင် အမျိုးအစား (၄၈)ခုရှိကာ၊ အမျိုးအစား (၄၀)ကိုသာ အကောင်အထည်ဖော်ရန် လိုအပ်ပါတော့သည်။ ၄င်းစာရင်းများမှာ ဇူလိုင်လ(၃၀)ရက်နေ့တွင် အသက်ဝင်လာမည်ဖြစ်ပြီး၊ ကန့်သတ် ထားသည့်စာရင်းတွင် ပါဝင်ခြင်းမရှိသည့် ဈေးကွက်အခွင့်လမ်း ကန့်သတ်မှုများကို ယခုနှစ် မကုန်မီ အပြည့်အဝဖယ်ရှားပေးသွားမည်ဖြစ်ကြောင်း NDRC မှ အရာရှိတစ်ဦး ကပြောကြား ခဲ့ပါသည်။ ဈေးကွက်အခွင့်အလမ်းရရှိမှုအတွက် ကန့်သတ်ထားသော စာရင်းများတွင် ကဏ္ဍများ၊ နယ်ပယ်များနှင့် ရင်းနှီးမြှုပ်နှံသူများ အတွက် တားမြစ်ထားသော စီးပွားရေးလုပ်ငန်း ပမာဏများကို အကြမ်းဖျဉ်းဖော်ပြ ထားပါသည်။ စာရင်းတွင် ပါဝင်ခြင်းမရှိသည့် ကျန်လုပ်ငန်းများ၊ နယ်ပယ်များနှင့် စီးပွားရေးလုပ်ငန်းများမှာ ဈေးကွက်တွင် ပါဝင်ကြသူအားလုံးသို့ ရင်းနှီးမြှုပ်နှံမှု အတွက် တံခါးဖွင့်ပေးထားပါသည်။ တရုတ်နိုင်ငံမှ အခွင့်အာဏာရှိသူများသည် ဈေးကွက်အခွင့်အလမ်းရရှိမှုအတွက် ကန့်သတ်ထားသောစာရင်းများကို နှစ်စဉ် ပြန်လည်သုံးသပ်လေ့ရှိကြပြီး၊ ၂၀၁၈ အတွက် စာရင်းကိုပြီးခဲ့သည့် ဒီဇင်ဘာလ အတွင်းကထုတ်ပြန်ခဲ့ပါသည်။ အသစ်ထုတ်ပြန်သည့် ပြန်လည်သုံးသပ်ထားသော ကန့်သတ်စာရင်းတွင် စီးပွားရေးလမ်းဖွင့်ပေးမှုကို ဆက်လက်ပြုလုပ်သွားရန် တရုတ်နိုင်ငံ၏ ယုံကြည်အားထားလောက်သည့် ဆုံးဖြတ်ချက်ခိုင်မာမှုကို

၈.၇.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၀၄ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၂၀၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၉/ကျပ် |
| CBM Rate | = ၁၅၀၆.၉/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၉၂.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၈.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၈၈.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၀.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ = ၁၀၅၃.၁ကျပ် | |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၉.၀၄ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၇.၆၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၃.၉၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၉၆၅ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

အပြည့်အဝပုံဖော်ပြသကြောင်း NDRC မှ အရာရှိကပြောကြားခဲ့ပါသည်။ ၄င်းကန့်သတ်စာရင်းသစ်တွင် သယ်ယူပို့ဆောင်ရေး၊ အခြေခံအဆောက်အအုံ၊ ယဉ်ကျေးမှုနှင့် တန်ဖိုးမြှင့်ဆက်သွယ်ရေး စသည့် ဝန်ဆောင်မှုကဏ္ဍများ၌ တရုတ်နိုင်ငံက ပိုမိုကျယ်ပြန့်စွာ တံခါးဖွင့်ပေးထားမှုကို မြင်တွေ့ရမည်ဖြစ်ပါသည်။ ပြည်တွင်းသင်္ဘောပို့ဆောင်ရေးအေဂျင်စီများကို တရုတ်ဖက်မှ ထိန်းချုပ်ရသည့် ကန့်သတ်မှု၊ လူဦးရေ (၅)သိန်း အထက်ရှိသည့် မြို့တော်များတွင် ဓာတ်ငွေ့နှင့် အပူပေးပိုက်လိုင်းများကို တရုတ်ဖက်မှ ထိန်းချုပ်ရသည့် ကန့်သတ်မှု၊ ရုပ်ရှင်နှင့်ဖျော်ဖြေရေး အနုပညာပွဲစား အဖွဲ့အစည်းများကို တရုတ်ဖက်မှထိန်းချုပ်ရသည့် ကန့်သတ်မှုနှင့် ပြည်တွင်းကုမ္ပဏီ ပေါင်းများစွာပါဝင်သည့် ဆက်သွယ်ရေး၊ သိမ်းဆည်းခြင်းနှင့် တခြားသူကိုဖြန့်ဝေခြင်းနှင့် ဖြေကြားပေးသည့် ဝန်ဆောင်မှု တို့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ကန့်သတ်ထားခြင်းတို့ကို ဖြေလျှော့ပယ်ရှားပေးသွားမည်ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ သတ္တုတူးဖော်ရေးနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများတွင် ဈေးကွက်ဝင်ရောက်မှုကို ဖြေလျှော့ပေးသွားမည်ဖြစ်ပါသည်။ တောရိုင်းရင်းမြစ်များ တူးဖော်ရှာဖွေရေးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တားမြစ်ထား ခြင်းကို ဖျက်သိမ်းပေးမည်ဖြစ်ပါသည်။ ရေးနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရေးတွင် တရုတ်ကုမ္ပဏီများနှင့် အစုရှယ်ယာဖက်စပ်ဆောင်ရွက်မှု သို့မဟုတ် အစုရှယ်ယာပုံစံမဟုတ်သည့် ဖက်စပ်လုပ်ငန်းများတွင် ကန့်သတ်ထားရှိမှုများကို ဖျက်သိမ်းသွားမည်ဖြစ်ကာ၊ သတ္တု တူးဖော်ရေးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ် တားမြစ်ထားမှုတို့ကို ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။ စက်မှု ကုန်ထုတ်လုပ်မှုကဏ္ဍ၌ ရွှန်းချိန်ဒေသထွက် အကောင်းစားစက္ကူစာရွက်နှင့် မင်ချောင်းထုတ်လုပ်ရေးတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု တားမြစ်ထားမှုကို ပယ်ရှားပေးမည်ဖြစ်ပါသည်။ တရုတ်နိုင်ငံအနေနဲ့ တံခါးဖွင့် ပေးသည့် စီမံဆောင်ရွက်မှုအပေါ် အခြေခံသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် ၂၀၁၉ ခုနှစ် စမ်းသပ် FTZ ကန့်သတ် စာရင်းတွင် အလှမွေးရေထွက်ပစ္စည်းများ ဖမ်းယူခြင်းနှင့် ထုတ်ဝေမှုများ ပုံနှိပ်ခြင်း စသည်တို့ အပေါ် ကန့်သတ်ထားရှိမှုများကို ပယ်ရှားပေးခဲ့ပြီးဖြစ်ပါသည်။ ဈေးကွက် အခွင့်အလမ်း ရရှိမှုအား စဉ်ဆက်မပြတ် တိုးချဲ့လာခြင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ရန် မူဝါဒအမျိုးမျိုးကို မိတ်ဆက်ခြင်းတို့ဖြင့် တရုတ်နိုင်ငံ၏ တံခါးဖွင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွင်း တွန်းအားအသစ် ထည့်သွင်းပေးလိုက်မှုမှာ နိုင်ငံခြားမတည် ရင်းနှီးမှုစီးဝင်မှုများကို တည်ငြိမ်စွာဖွံ့ဖြိုးလာစေရေးမြှင့်တင်ပေးပြီး၊ အသွင်ကူးပြောင်းမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၏ ရေရှည်ယုံကြည်မှုကို မြှင့်တင်ပေးရာရောက်ကြောင်း NDRC အရာရှိက ဖြည့်စွက်ပြောကြားခဲ့ပါသည်။ ယခုပြန်လည်သုံးသပ်၍ ထုတ်ပြန်လိုက်သော ကန့်သတ်လုပ်ငန်းများ၏ အမျိုးအစားမှာ တရုတ်နိုင်ငံ၏ စက်မှုဆိုင်ရာဖွံ့ဖြိုး တိုးတက်မှု၊ နည်းပညာဆိုင်ရာလုပ်ငန်းစဉ်နှင့် တည်ဆောက်မှုပုံစံဆိုင်ရာ အမြင့်မားဆုံးရရှိစေခြင်းတို့တွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု၏ အပြုသဘောဆောင်သည့် အခန်းကဏ္ဍကို ပိုမိုကောင်းမွန်စွာ အထောက်အကူပြုပေးရန် မျှော်မှန်းထား ပါသည်။

ပြီးခဲ့သည့်နှစ်အတွင်း တရုတ်နိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၃၈.၃ ဘီလီယံရရှိခဲ့ကာ ကမ္ဘာလုံးဆိုင်ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှ အများအပြား လက်ခံရရှိခဲ့ခြင်းဖြစ်ပါသည်။ ယခုနှစ် ပထမ (၅)လအတွင်း ယခင်နှစ်ကထက် ၃.၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ကာ FDI စီးဝင်မှု အမေရိကန်ဒေါ်လာ ၅၄.၆ ဘီလီယံရရှိခဲ့ပါသည်။

**Source: xinhuanet.com**

**စီးပွားရေးသံမှူး-နန်နင်းမြို့**

## အညာဒေသကြက်သွန်နီလက်ကားဈေးငြိမ်သော်လည်း လက်လီဈေးမြင့်တက်

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့တွင် ကြက်သွန်နီလက်ကား ဈေးငြိမ်သော်လည်း လက်လီဈေး မြင့်တက်နေကြောင်း သိရသည်။ ဈေးအနေနဲ့ကတော့ တောဈေးကြက်သွန်နီ တစ်ပိဿာ ကျပ် ၅၅၀ ပေါက်ဈေးရှိပါတယ်။ ဈေးကတော့ တစ်လနီးပါးရှိပြီ။ တစ် ပိဿာကျပ် ၅၅၀ နဲ့ ငြိမ်နေတာပါ"ဟု ကြက်သွန်စိုက် တောင်သူတစ်ဦး က ပြောဆိုသည်။ သို့သော် လက်လီဈေးမှာ ကြက်သွန်နီတစ်ပိဿာကျပ် ၇၀၀ မှ ကျပ် ၈၀၀ ဝန်းကျင် အထိ ရောင်းချနေကြကြောင်း၊ ဇွန်လလယ်က ကြက်သွန်နီ တစ်ပိဿာ ကျပ် ၅၅၀၊ လက်လီဈေးတစ်ပိဿာကျပ် ၇၀၀ သာရှိနေရာမှ ယခုတစ်ပတ်ဈေးတက်လာကြောင်း လက်လီ ဈေးကွက်မှ သိရသည်။ နှစ်လလောက်ရှိပြီ၊ မြို့မဈေးအပြင်ဘက် ပျံကျဈေးတန်းမှာ ကြက်သွန်နီ တစ်ပိဿာ ကျပ် ၇၀၀၊ ၈၀၀ ဝယ်စားရတယ်။ အပိန်အရှုံ့ အခွံကျွတ် ကြက်သွန်နီတစ်ပိဿာ ကျပ် ၅၀၀ ပေးရတယ်။ ကြက်သွန် စိုက်တဲ့ တောင်သူကို မေးကြည့်တော့ ရွာမကျပ် ၅၀၀ ဈေးပဲရှိတယ်။ ချဉ်သီးပင်အောက် ချဉ်သီးရှာသလို ဖြစ်နေတာ"ဟု စားသုံးသူ ဒေါ်မြင့်က ပြောဆိုသည်။

လက်လီဈေးမြင့်ခြင်းနှင့်ပတ်သက်၍ ခပ်စောစောက ပေါက်ဈေးဖြင့် ရောင်းနေကြသောကြောင့် ကုန်ပစ္စည်း လက်ကျန်နည်းလာကြောင်း၊ ကျေးရွာမှ မြို့ပွဲရုံအထိ စရိတ်စကများရှိနိုင်ကြောင်း ဒေသခံ ပွဲစားဦးစိုးလွင်က သုံးသပ်ပြောဆိုသည်။ ရေနံချောင်းမြို့နယ်သည် ကြက်သွန်နီကို ကိုင်းကြက်သွန်အဖြစ် ဒီဇင်ဘာလမှ ဖေဖော်ဝါရီလအတွင်းထွက်ရှိပြီး ဧပြီလ၌ ပင်းချောင်း ကြက်သွန်နီထွက်ရှိကြောင်း၊ မြို့နယ်အတွင်း ကြက်သွန်နီစိုက်ဧက ၃၀၀၀ ကျော်ရှိပြီး တင်း ၁၃၉၆၈၅၀၀ ထွက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနစာရင်းအရသိရသည်။

**Source:** https://myanmar.mmtimes.com/news/125296.html

## ဒေါ်လာဈေး ၁၅၀၀ အောက်ပြန်ရောက်

ခြောက်လကျော်အတွင်း ပြည်တွင်းငွေကြေးဈေးကွက်တွင် ကန်ဒေါ်လာတန်ဖိုးသည် ဒုတိယအကြိမ် ကျပ် ၁၅၀၀ အောက်သို့ ဈေးကျဆင်းခဲ့သည်။ ကျပ်ငွေတန်ဖိုးမြင့်တက်လာခြင်းသည် စက်သုံးဆီအလုံအလောက် မသိုလှောင်နိုင်သော မြန်မာနိုင်ငံအတွက် အခွင့်အလမ်းကောင်းတစ်ခုဖြစ်ကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးကပြောသည်။ လက်ရှိပြည်တွင်းငွေကြေးဈေးကွက်တွင် ကန်ဒေါ်လာတန်ဖိုး ဆက်တိုက်ကျဆင်းနေပြီး ဇူလိုင် ၅ ရက်တွင် ပြည်တွင်းဘဏ်အချို့က တစ်ဒေါ်လာလျှင် ၁၄၉၅ ကျပ် ဈေးဖွင့်သည်။ ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲနှုန်းက တစ်ဒေါ်လာ ၁၅၀၄ ကျပ်သတ်မှတ်သည်။ ယခုနှစ် ခြောက်လကျော် အတွင်း ပြည်တွင်းငွေကြေးဈေးကွက်တွင် ကန်ဒေါ်လာတန်ဖိုးသည် ဒုတိယအကြိမ် ကျပ် ၁၅၀၀ အောက်သို့ ဈေးကျဆင်းခဲ့သည်။ ပြည်တွင်းငွေကြေးဈေးကွက်၌ ဧပြီတတိယပတ်တွင် ဒေါ်လာတန် ဖိုး ကျပ် ၁၅၀၀ အောက်သို့ ပထမ အကြိမ် ကျဆင်းခဲ့သည်။

အမေရိကန်နှင့် အီရန်နှစ်နိုင်ငံပြဿနာနှင့်ဆက်စပ်ပြီး ကမ္ဘာ့ဈေးကွက်တွင် ရေနံဈေးမတည်ငြိမ်ချိန် ဒေါ်လာတန်ဖိုး ကျဆင်းနေခြင်းသည် တစ်လဒေါ်လာသန်း ၄၀၀ ခန့်သုံးစွဲပြီး ပြည်ပမှ ဓာတ်ဆီ၊ ဒီဇယ်တင်သွင်းနေရသော မြန်မာနိုင်ငံ အတွက် သတင်းကောင်းတစ်ခုဖြစ်သည်ဟု ဒေါက်တာကဆိုသည်။ လျှပ်စစ်မီတာခ တိုးမြှင့်မှုကြောင့် ကုန်ဈေးနှုန်းတက်မည်ကို စိုးရိမ်နေရချိန်တွင် ကျပ်ငွေတန်ဖိုးတက်လာခြင်းကြောင့် ပြည်ပမှသွင်းကုန်များ ဈေးနှုန်းတည်ငြိမ်စေမည်ဟု ၎င်းက ပြောသည်။ လောလောဆယ်တော့ မြန်မာရဲ့ကုသိုလ်ကံလို့ပဲပြောရမှာပေ့ါဟု ဒေါက်တာမောင်မောင်လေးကဆိုသည်။ ကျပ်ငွေတန်ဖိုးမြင့်တက်မှု ကြောင့် သွင်းကုန်များအတွက် ပြည်တွင်း၌ ဈေးမြင့်တက်မည်ကို မစိုးရိမ်ရသော်လည်း ပို့ကုန်လုပ်ငန်းရှင်များအတွက် ဝင်ငွေလျော့နည်းနိုင်ကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။ ဒေါ် လာတန်ဖိုးကျဆင်းခြင်းသည် ပို့ကုန်လုပ်ငန်းရှင်များအတွက် အခက်တွေ့စေကြောင်း ၎င်းတို့ကပြောသည်။

ယခင်နှစ်များက မိုးရာသီပို့ကုန်နည်းချိန်တွင် မြန်မာနိုင်ငံ၌ ကျပ်ငွေတန်ဖိုး ကျဆင်းလေ့ရှိသည်။ ပြီးခဲ့သည့် နှစ်ကလည်း ဇူလိုင်တွင် ကျပ်ငွေတန်ဖိုးစတင်ကျဆင်းပြီး နှစ်ကုန်ပိုင်း၌ ငွေကြေးဈေးကွက်မတည်ငြိမ်မှုများစွာဖြစ်ခဲ့သည်။ သို့သော် ယခုနှစ်တွင် သွင်းကုန်ပမာဏလျော့ကျပြီး ကုန်သွယ်မှုလိုငွေ ကျဆင်းလာခြင်း၊ နိုင်ငံတကာတွင် ဒေါ်လာထက်ရွှေကို ပိုမိုဝယ်ယူစုဆောင်းလာခြင်းတို့က ကျပ်ငွေတန်ဖိုးမြင့်တက်ခြင်းကို တွန်းအားဖြစ်စေသည်ဟု ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင် ဒေါက်တာစိုးထွန်းက ပြောသည်။ လက်ရှိတွင် ကမ္ဘာ့ရွှေဈေးသည် ဝယ်ယူစုဆောင်းသူများခြင်းကြောင့် ဈေးနှုန်းဆက်တိုက် မြင့်တက်လာသည်ဟု ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်အချို့ကသုံးသပ်သည်။ ဇူလိုင် ၅ ရက်တွင် တစ်အောင်စလျှင် ၁၄၁၄ ဒေါ်လာဈေးဖွင့်ပြီး ပြည်တွင်းအခေါက်ရွှေဈေးသားလျှင် ကျပ် ၁၁၂၀၀၀၀ ဈေး ဖွင့်သည်။ ပြည်တွင်းငွေကြေးဈေး ကွက် တည်ငြိမ်ရေး ဇူလိုင် ၃ ရက်မှ ၅ ရက်အတွင်း ဗဟိုဘဏ်က ပုဂ္ဂလိကဘဏ်များထံမှ ဒေါ်လာခုနစ်သန်းကို ဈေးကွက်ပေါက်ဈေးဖြင့် ဝယ်ယူခဲ့သည်။

**Source:** http://www.7daydaily.com/story/160423

## ဒူးရင်းသီးအစေ့များ ဝယ်ယူနေခြင်းကြောင့် ဒူးရင်းသီးအမှည့်ရှားပါးလာ



တနင်္သာရီတိုင်းဒေသကြီးအတွင်း ဒူးရင်းသီးအစေ့များ လာရောက်ဝယ်ယူနေသည့် ထိုင်းနှင့်တရုတ်နိုင်ငံသားတို့ကို ရောင်းချနေခြင်းကြောင့် ဒူးရင်းသီးအမှည့်ရှားပါးလာကြောင်း ဒေသတွင်းရှိ ဒူးရင်းခြံပိုင်ရှင်များထံမှသိရသည်။ အဆိုပါ ဒူးရင်းစေ့များမှာ အသီးအနု၊ အရင့်၊ အမှည့်များ၏ အနာ အဆာမပါသည့် ဒူးရင်းစေ့များကို လိုက်လံဝယ်ယူလျက်ရှိကြောင်း ဒူးရင်းသီးရောင်းသူ မမီးကမ်းက ပြောဆိုသည်။ "တရုတ်တွေ၊ ထိုင်းတွေက အဲဒီလို လိုက်ဝယ်နေတော့ ရွာသားတွေက ပိုက်ဆံမရှိတော့ ရတာပဲရောင်းစားတယ်။ အခုအချိန်မှာ ခက်ခဲတော့ ပိုက်ဆံရဖို့ပဲသိတယ်။ တစ်စေ့ချင်း ရောင်းတာရှိသလို ပိဿာချိန်နဲ့ ရောင်းစားကြတာလည်းရှိတယ်။ အဲဒီတော့ သူတို့က အသီးအစိမ်းမှာကတည်းက အကုန်ရောင်းစားကြတော့ အသီးတွေက ပင်မှည့်တွေမရှိတော့ဘူး။ အဲဒီတော့ အထွက်နှုန်းလည်းမရှိတော့ဘူးဟု ၎င်းကပြောဆိုသည်။

ဒူးရင်းသီးအစေ့ လိုက်လံဝယ်ယူနေသူများမှာ ထိုင်းလူမျိုးနှင့်တရုတ်နိုင်ငံသားများအပြင် မြန်မာနိုင်ငံသား များလည်း ပါဝင်နေကြောင်း သိရသည်။

"အစိကကတော့ သူတို့မျိုးစေ့လိုလို့ လိုက် ဝယ်တယ်လို့ကြားတာပဲ။ ဈေးကွက်တော့ ပျက်သွားတာပေါ့နော်။ အရင်ကဆို ဒူးရင်းသီး တော်တော်များများက ရွာသားတွေဆီကနေ တစ်ဆင့် လိုက်ဝယ်တယ်။ ပြီးမှ ထားဝယ်ကို တစ်ဆင့် ပြန်ရောင်းတာပေါ့။ ကျွန်တော့် ခြံထွက်လည်းပါတာပေါ့။ အခုကျ နိုင်ငံခြားသားတွေက အကင်းရောအရင့်ပါမကျန် အစေ့တွေလိုက်ဝယ်နေတော့ သူတို့ဆီပဲသွားရောင်းကြလို့ အသီးလည်း အထွက်နည်းပြီး အခုလို ဖြစ်သွားတာပေါ့" ဟု မြိတ်ခရိုင်အတွင်းမှ ဒူးရင်းခြံပိုင်ရှင် ဦးအောင်သန်းက ပြောဆို သည်။

အဆိုပါဝယ်ယူထားသည့် မျိုးစေ့များကို ထိုင်းဘက်မှ ပျိုးပင်အဖြစ် ပျိုးထောင်ခြင်း၊ ပြန်လည်စိုက်ပျိုးခြင်းတို့ လုပ်ဆောင်လျက်ရှိပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ဒူးရင်း စေ့များ လာရောက်ဝယ်ယူခြင်းမှာ ပထမဆုံး အကြိမ်ဖြစ်ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် သရက် ချောင်း၊ ထားဝယ်၊ မြိတ်၊ ကော့သောင်း စသည့် မြို့နယ်များ၌ ဒူးရင်းသီးအများဆုံးထွက်ရှိကာ ခြံနှင့် စိုက်ပျိုးသူများရှိသလို တောတွင် အလေ့ ကျပေါက်သည့်အပင်မှ အသီးများကိုလည်း ခူးဆွတ်ရောင်းချသူများရှိကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/125298.html

## မြန်မာ-တရုတ်ပိုက်လိုင်းမှ ရေနံစိမ်းတန်ချိန် သန်း ၂၀၀ ကို တရုတ်နိုင်ငံသို့တင်ပို့



မြန်မာ-တရုတ်ရေနံစိမ်းပိုက်လိုင်း စတင်လည်ပတ်ချိန်မှ ၂ နှစ်ကျော် ကာလ အတွင်း ရေနံစိမ်းတန်ချိန် သန်း ၂၀၀ ကို တရုတ်နိုင်ငံသို့ပို့လွှတ်ခဲ့ကြောင်း အရှေ့တောင်အာရှ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းက သတင်း ထုတ်ပြန်သည်။ မြန်မာ- တရုတ် ရေနံစိမ်းပိုက်လိုင်းစီမံကိန်းသည် ၂၀၁၇ က စတင်လည်ပတ်ခဲ့ခြင်းဖြစ်ပြီး သင်္ဘောကြီးများဖြင့် တင်ဆောင်လာသည့် ရေနံစိမ်းများကို ကျောက်ဖြူမြို့မဒေးကျွန်းရှိ ရေနံလှောင်ကန်များသို့ ပို့လွှတ်ကာယင်းမှတစ်ဆင့် ပိုက်လိုင်းဖြင့် တရုတ်နိုင်ငံသို့ တင်ပို့နေသည်။ ပိုက်လိုင်းက နှစ်လိုင်းပါ။သဘာဂဓာတ်ငွေ့ပိုက်လိုင်းတစ်လိုင်းနဲ့ ရေနံစိမ်းပိုက်လိုင်းတစ်လိုင်းဖြစ်ပါတယ်။ ရေနံစိမ်းပိုက်လိုင်း က သဘာဂဓာတ်ငွေ့ပိုက်လိုင်းထက် လုပ်ငန်းလည်ပတ်တာ နောက်ကျပါတယ်။ လက်ရှိမှာတော့ ၂ နှစ်ကျော် လည်ပတ်ပြီးပါပြီ”ဟု အရှေ့တောင်အာရှရေ နံနှင့် သဘာဂဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာ- တရုတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စတင်လည်ပတ်ချိန်မှ ခြောက်နှစ်တာကာ လအတွင်း တရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ ၂၂ ဒသမ ၁ ဘီလီယံ ကုဗမီတာနှင့် မြန်မာနိုင်ငံအတွက် ၃၅ ဘီလီယံကုဗမီတာ ပို့လွှတ်ခဲ့ကြောင်း အရှေ့တောင်အာရှရေနံစိမ်း- သဘာဂဓာတ်ငွေ့ကုမ္ပဏီ (SEAOP/SEAGP) ကုမ္ပဏီ က သတင်းထုတ်ပြန်သည်။

အဆိုပါ ကုမ္ပဏီသည် မြန်မာ-တရုတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းကို ၂၀၁၃ တွင် စတင်လည်ပတ်ခဲ့ပြီး ပိုက်လိုင်း ဖြတ်သန်းခအနေဖြင့် တစ်နှစ်လျှင် ကန်ဒေါ်လာ ၁၃ ဒသမ ၈၁ သန်း အထိပေးဆောင်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ယင်းကုမ္ပဏီကို မြန်မာ၊ တရုတ်၊ ကိုရီးယားနှင့် အိန္ဒိယလေးနိုင်ငံမှ ကုမ္ပဏီခြောက်ခုဖြင့်ဖွဲ့စည်းထားပြီး တရုတ်အခြေစိုက် ကုမ္ပဏီ CNP က ၅၀ ရာခိုင်နှုန်းရင်းနှီးမြှုပ်နှံထားသည်။

**Source:** http://www.7daydaily.com/story/160536

## လက်ရှိဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၆ သန်းကျော်တင်ပို့ထား

ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတန်ချိန် (၁ ဒသမ ၆) သန်းနီးပါးတင်ပို့ထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ သတင်းထုတ်ပြန်ချက်များအရသိရသည်။

မြန်မာနိုင်ငံမှ ဆန်/ဆန်ကွဲ ဝယ်ယူသည့် နိုင်ငံများအား ဒေသအုပ်စုအလိုက် ခွဲခြားတင်ပို့နိုင်မှုစာရင်း

(1.Oct 2018 မှ 14.Jun 2019)

| စဉ် | နိုင်ငံ/အုပ်စု | ဆန်ဝယ်ယူမှု (MT) | ဆန်ကွဲဝယ်ယူမှု (MT) | စုစုပေါင်း (MT) | ရာခိုင်နှုန်းအရ ပါဝင်မှု |
|---|---|---|---|---|---|
| 1 | တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှင့် Border Trade နိုင်ငံများ | 554729.793 | 25694.260 | 580424.053 | 34.46% |
| 2 | EU ဈေးကွက်နိုင်ငံ | 127343.008 | 222190.500 | 349533.508 | 20.75% |
| 3 | အာဖရိကဈေးကွက်နိုင်ငံ | 429901.000 | 9660.000 | 439561.000 | 26.09% |
| 4 | အခြားနိုင်ငံများ | 245045.224 | 69946.000 | 314991.224 | 18.70% |
| | စုစုပေါင်း | 1357019.025 | 327490.760 | 1684509.785 | |

လက်ရှိ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်မှ ဇွန်လ ၁၄ ရက်အထိ ပြည်ပသို့ ဆန်တန်ချိန် (၁၃၅၇၀၁၉ ဒသမ ၀၂၅) နှင့်ဆန်ကွဲတန်ချိန် (၃၂၇၄၉၀ ဒသမ ၇၆၀) တင်ပို့ထားခြင်းဖြစ်သည်။

ယင်းမှ ပို့ကုန်ဝင်ငွေအနေဖြင့် ဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၄၂၃ ဒသမ ၈၆၉) သန်းနှင့် ဆန်ကွဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၈၈ ဒသမ ၆၀၆) သန်းရရှိထားကြောင်းသိရသည်။ အဆိုပါ ဆန်နှင့်ဆန်ကွဲတင်ပို့မှု၏ (၆၇ ဒသမ ၄၄) ရာခိုင်နှုန်းကို ပင်လယ်ရေကြောင်းမှ တင်ပို့ခဲ့ခြင်းပြီး နယ်စပ်ကုန်သွယ်မှုမှ တင်ပို့မှုမှာ (၃၂ ဒသမ ၅၆) ရာခိုင်နှုန်းသာရှိခဲ့သည်။

ပြည်တွင်းမှ ဆန်တင်ပို့မှုအများဆုံးနိုင်ငံများမှာ တရုတ်၊ ဖိလစ်ပိုင်၊ ကင်မရွန်း၊ အိုင်ဗရီကို့စ်နှင့် GUINEA နိုင်ငံဖြစ်ပြီး ဆန်ကွဲတင်ပို့မှုအများဆုံးနိုင်ငံများမှာ ဘယ်လ်ဂျီယံ၊ အင်ဒိုနီးရှား၊ တရုတ်၊ နယ်သာလန်နှင့် UK တို့ဖြစ်ကြောင်းသိရသည်။

**Source:** http://www.betvmyanmar.com/my/news/

## ပြည်ပမှ သစ်အလုံးလိုက် ထပ်မံတင်သွင်း




သစ်အခြေခံစက်ရုံများ ကုန်ကြမ်း လိုအပ်ချက်ကြောင့် ကွန်ဂို နိုင်ငံမှ သစ်တန်ချိန် ၂၈ တန်ကို ထပ်မံတင်သွင်းခဲ့သည်ဟု Jewellery Teak Timber ကုမ္ပဏီမန်နေဂျင်း ဒါရိုက်တာ ဦးသိန်းချို က ပြောသည်။ မြန်မာနိုင်ငံ၌ သစ်ထုတ်လုပ်မှု လျှော့ချသည့် နောက်ပိုင်းတွင် သစ်အခြေခံစက်ရုံများ၏ ကုန်ကြမ်းလိုအပ်ချက် များပြားလာသဖြင့် ပြည်ပနိုင်ငံမှ သစ်အလုံးလိုက် တင်သွင်းခြင်း ဖြစ်ပြီး ဒုတိယအကြိမ် တင်သွင်းခြင်းဖြစ်သည်။

သစ်ပါးလွှာထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရန် အာဖရိကတိုက် ကွန်ဂိုနိုင်ငံမှကညင်နှင့်ဆင်တူသည့် Tiamaအမည်ရှိ သစ်အမျိုးအစားလေးလုံးကို စမ်းသပ်တင်သွင်းခဲ့ပြီး ဇူလိုင် ၅ ရက်က ဆိပ်ကမ်းသို့ရောက်ရှိခဲ့သည်။ သစ်ကုန်ကြမ်းလိုအပ်ချက် မြင့်မားနေခြင်းနှင့်အတူ ဝယ်လို အားမြင့်တက်နေသောကြောင့် မြန်မာ့သစ်လုပ်ငန်း၏ အိတ်ဖွင့်တင်ဒါ၊ ဈေးပြိုင်တင်ဒါများတွင် သစ်လုံးကုန်ကြမ်း ဈေးနှုန်းများ မတန်တဆမြင့်မားနေပြီး ပြည်တွင်းရှိ လုပ်ငန်းရှင်များနှင့် အသေးစား၊ အလတ်စား သစ်အခြေခံစက်မှု လုပ်ငန်းရှင်များယှဉ်ပြိုင်နိုင်စွမ်းမရှိဘဲ မိမိတို့စက်ရုံ လည်ပတ်နိုင်ရေး၊ စက်ရုံလုပ်သားများအလုပ်အကိုင်အဆင်ပြေစေရေး ပြည်ပမှသစ်များ တင်သွင်းရခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။ ဈေးကွက်မှာလိုအပ်မယ့်သစ်တွေကို ပြည်ပကနေ အမျိုးအစားအစုံ စမ်းသပ်တင်သွင်းသွားမယ်ဟု

ဦးသိန်းချိုကပြောသည်။ သို့ရာတွင် သစ်အလုံးလိုက်တင်သွင်းခြင်းအတွက် အစိုးရထံဆိပ်ကမ်းအကောက်ခွန် ၁၅ ရာခိုင်နှုန်း၊ အထူး ကုန်စည်ခွန် ၅ရာခိုင်နှုန်း၊ ကုန်သွယ်ခွန် ၅ ရာခိုင်နှုန်းနှင့် အမြတ်ခွန်အတွက် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်းဖြင့် စုစုပေါင်း ၂၇ ရာခိုင်နှုန်းပေးသွင်းရသဖြင့် အခွန်လျှော့ပေးရန် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်ပြထားသည်ဟု ၎င်းကဆက်လက်ပြောသည်။

ပြည်ပမှသစ်များ ပိုမိုတင်သွင်းလာနိုင်မည်ဆိုပါက ပြည်တွင်းရှိ သဘာဝသစ်တောများအပေါ် မှီခိုမှုမရှိသလောက် လျော့နည်းလာမည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ဆောင်သူများကဆိုသည်။ မြန်မာနိုင်ငံ၌ သစ်ထုတ်လုပ်မှု လျော့ချသည့်နောက်ပိုင်းတွင် သစ်အခြေခံစက်ရုံများ၏ ကုန်ကြမ်းလိုအပ်ချက်များပြားလာပြီး ပြည်ပနိုင်ငံမှ သစ်အလုံးလိုက် တင်သွင်းသည့် နည်းလမ်းကိုတွေ့ရှိခဲ့သည်။ မေလကလည်း ကွန်ဂိုနိုင်ငံမှ သစ်လုံးတန် ၆၀ ခန့်ကို ပြည်တွင်းသို့ ပထမ အကြိမ်တင်သွင်းခဲ့သည်။

**Source:** http://www.7daydaily.com/story/160574

## ဗီယက်နမ်-အီးယူ ကုန်သွယ်ရေးသဘောတူညီချက်များက ထိုင်းအတွက်စိုးရိမ်စရာဖြစ်လာ

ဗီယက်နမ်နဲ့ ဥရောပသမဂ္ဂ(အီးယူ)တို့အကြား ကုန်သွယ်ရေးနဲ့ ရင်နှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူညီချက်တွေက ထိုင်းနိုင်ငံရဲ့ ကား၊ ကွန်ပြူတာနဲ့ အီလက်ထရောနစ်ပစ္စည်းတင်ပို့မှုတွေအပေါ် သက်ရောက်မှုတွေရှိလာနိုင်စေပြီး ထိုင်းနိုင်ငံ အတွက် မျက်ခုံးလှုပ်စရာ အခြေအနေမျိုးဖြစ်နေပြီလို့ ဇူလိုင်လ ၆ရက်က ဘန်ကောက်ပို့စ်သတင်းမှာ ရေးသားထားပါတယ်။ ဗီယက်နမ်နိုင်ငံနဲ့ အီးယူတို့ဟာ ပြီးခဲ့တဲ့ ဇွန်လ၃၀ရက်နေ့က လွတ်လပ်စွာကုန်သွယ်ရေးသဘောတူစာချုပ် (EVFTA)နဲ့ ရင်းနှီးမြှုပ်နှံမှုကာကွယ်ရေးသဘောတူစာချုပ်(EVIPA)တို့ကိုဟနွိုင်းမြို့မှာလက်မှတ်ရေးထိုးခဲ့ကြပါတယ်။

ထိုင်းနိုင်ငံဟာ ဗီယက်နမ်နိုင်ငံလိုမျိုး အီးယူနဲ့ လွတ်လပ်စွာကုန်သွယ်ရေးသဘောတူစာချုပ် ချုပ်ဆိုထားတာမ ရှိသေးတဲ့အတွက် ထိုင်းကနေ အီးယူကို တင်ပို့တဲ့ ကုန်ပစ္စည်းတွေအားလုံးဟာ အခွန်စည်းကြပ်ခံနေရမှာဖြစ်ပါတယ်။ ဒ့ါအပြင် EVIPA စာချုပ်အရ အီးယူဟာ ဗီယက်နမ်နိုင်ငံဖွံ့ဖြိုးတက်လာစေရေးအတွက် ပြည်ပရင်း နှီးမြှုပ်နှံမှုတွေစီးဝင်လာ စေအောင် အကူအညီတွေ ပေးအပ်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ထိုင်းနိုင်ငံထဲက ကားထုတ်လုပ်တဲ့ ကုမ္ပဏီတွေဟာ ဗီယက်နမ်နိုင်ငံထဲကို ပြောင်းရွှေ့သွားတာတွေဖြစ်လာနိုင်ပြီး အခြားကွန်ပြူတာပစ္စည်းတွေ၊ အီလက်ထရွန်းနစ်နဲ့ ဆက်စပ်တဲ့ ကုန်ပစ္စည်းထုတ်လုပ်သူတွေဟာလည်း ဗီယက်နမ်နိုင်ငံထဲကို ပြောင်းရွှေ့သွားတာတွေဖြစ်လာနိုင်တယ်လို့ ထိုင်းကုန်သွယ်ရေးမူဝါဒနဲ့ နည်းဗျူဟာရုံးရဲ့ ညွှန်ကြားရေးမှူးချုပ် Pimchanok Vonkorpon ကပြောပါတယ်။

အလားတူ ထိုင်းနိုင်ငံရဲ့ အထည်အလိပ်လုပ်ငန်း၊ လက်ဝတ်ရတနာလုပ်ငန်း၊ဆန်နဲ့ ပင်လယ်စာထုတ်လုပ် ရေးလုပ်ငန်း တွေမှာလည်း သက်ရောက်မှုတွေရှိလာနိုင်ပါတယ်။ ဗီယက်နမ်နိုင်ငံဟာ ထိုင်းနိုင်ငံထက် လုပ်အားခဈေးနှုန်းလည်း လျော့နည်းတာကလည်း ထည့်သွင်းစဉ်းစားရတဲ့ အချက်တစ်ခု ဖြစ်နေပါတယ်။ ၂၀၁၇ ခုနှစ်အတွင်း ဗီယက်နမ်-အီးယူ ကုန်သွယ်မှုဟာ အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၄၃ ဘီလီယံရှိခဲ့ပြီး ထိုင်းနဲ့အီးယူကုန်သွယ်မှုတန်ဖိုးကတော့ အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၅၄ ဘီလီယံရှိခဲ့တယ်လို့ သတင်းမှာဖော်ပြထားပါတယ်။

**Source: Bangkok Post**

https://www.facebook.com/myanmaeconomic/

## ဥပေါင်းနှင့်အသစ် ရောနှောရောင်းချနေမှုကြောင့် ထိုင်းနိုင်ငံသို့တင်ပို့သော ကြက်သွန်ဖြူဈေးနှုန်းများ ကျဆင်းလာနေဟုဆို

ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသများမှထွက်ရှိသည့် ကြက်သွန်ဖြူများအား တာချီလိတ်မှတစ်ဆင့် ထိုင်းနိုင်ငံဈေးကွက်သို့ တင်ပို့လျက်ရှိရာ ယခင်နှစ်ကထွက်ရှိသည့် ဥပေါင်းများနှင့်အသစ်များ ရောနှော ရောင်းချနေမှု ကြောင့် ဈေးနှုန်းများ အနည်းငယ်ကျဆင်းခဲ့ကြောင်းသိရသည်။ ကြက်သွန်ဖြူကို လက်ရှိတွင် ထိုင်းနိုင်ငံမှ ဝယ်လိုအား ရှိနေသည့်အတွက် ယမန်နှစ်ကထွက်ရှိသည့် အလေးချိန်ပေါ့၊ အာနိသင်လျော့ ကြက်သွန်ဖြူအပေါင်းများကို ရောနှော ရောင်းချမှုက ဈေးနှုန်းလျော့ကျစေသည့် ကိစ္စဖြစ်နေကြောင်း၊ မိုင်းပန်မြို့နယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနောင့်က ကမ္ဘောဇတိုင်းသို့ ပြောသည်။ ပျက်နေတဲ့ အပေါင်းတွေကို ရောနှောရောင်းတော့ တစ်ပိဿာကို ၃၀၀၀ ကျပ်ဈေးပေါက်ရာကနေ ၂၇၀၀ အထိ ဈေးကျလာတဲ့အပြင် ပြန်စိစစ်နေရလို့ အချိန်ကုန်ပါတယ်။ ဒါတွေကို ရောင်းချတဲ့

တောင်သူတွေရော၊ ပွဲစားကုန်သည်တွေကပါ မှန်မှန်ကန်ကန်နဲ့ ရောင်းချဖို့လိုပါမယ်ဟု ဦးစိုင်းနောင့်ကပြောသည်။ ပြီးခဲ့သည့် စိုက်ပျိုးချိန်ရာသီမှထွက်ရှိသည့် ကြက်သွန်ဖြူများမှာ အလေးချိန်များလျော့ပြီဖြစ်သလို အနစ်များလည်း ပေါ့လာပြီဖြစ်သဖြင့် ဈေးကွက်တွင် ၁၀ ဘတ်ခန့်သာ ပေါက်ဈေးရှိကာ ယခုနှစ်ထွက် ကြက်သွန်ဖြူ မှာ ၂၅ ဘတ်မှ ၃၀ အထိဈေးပေါက်နေသည့် ကြက်သွန်ဖြူအသစ်များဖြင့် ရောနှောရောင်းချလာသည့်အတွက် ယခုလိုဈေးကွက်တွင် ဈေးပျက်အဖြစ် လျော့ပါးလာရခြင်း ဖြစ်သည်ဟု ဆိုသည်။

ကြက်သွန်ဖြူဝယ်ယူသူများ၏ အဆိုအရ အိတ်များ၏အလယ်တွင် အမှိုက်များမှအစ ရောနှောထည့်သွင်း ရောင်းချမှုများ ရှိနေခဲ့ပြီး ယခုနှစ်တွင် ကြက်သွန်ဖြူစိုက်ပျိုးမှု လျော့နည်းသဖြင့် ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းရန် ယခုလို ရောင်းချခြင်းများဖြစ်နိုင်သည်ဟု ဝါရင့်ကြက်သွန်ဖြူဝယ်ရောင်းသမားများက ပြောဆိုခဲ့သည်။ လက်ရှိတွင် တာချီလိတ် နယ်စပ်ဈေးကွက်၌ ကြက်သွန်ဖြူအရောင်းအဝယ်တန့်နေပြီး မိုင်းပန်ဘက်တွင် အရောအနှောတစ်ပိဿာလျှင် ၂၀ ဘတ်ခန့်၊ အမွှာအသစ်တစ်ပိဿာ ဘတ် ၃၀ ခန့်ဈေးပေါက်ကာ ကြက်သွန်ဖြူ အမွှာကြီးတစ်ကီလို ၃၃ ဘတ်မှ ၃၅ ဘတ်အထိ ဈေးပေးဝယ်ယူမှုများရှိနေပြီး တရုတ်ကြက်သွန်ဖြူမှာမူ ဒေါ်လာနှင့်ဈေးဖြတ်ကာ တစ်ကီလို ၅၃ ဘတ်ခန့်အထိ ဈေးရှိနေသည်ဟု ကြက်သွန်စိုက်တောင်သူတစ်ဦးဖြစ်သူ ယခင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဦးစိုင်းဝင်းမြတ်ဦးက ပြောသည်။

လတ်တလော ကြက်သွန်ဖြူဈေးကွက်တွင် မိုင်းတုံဘက်၌ ပေါက် ဈေးအရ ဝယ်ယူလိုသော်လည်း ရောင်းချလိုသူ နည်းပါးနေသလို လဲ ချား၊ မိုးနဲဘက်တွင်လည်း ယခုနှစ် ထွက်ရှိမှု၏ ၃ ပုံ ၁ ပုံခန့်သာမျိုးအ ဖြစ်ကျန်ရှိနေပြီး မိုင်းပန်တွင်မူ ဥကြီးနှင့်ဈေးကိုက်ရန်တင်းထားသည့် တန်ချိန်အနည်းငယ်ခန့်သာ ကျန်ရှိတော့ကြောင်း သိရသည်။ ရှမ်းပြည်နယ် တောင်ပိုင်းနှင့်အရှေ့ပိုင်းမှ စိုက်ပျိုးသည့်ကြက်သွန်ဖြူများ၏ အနံ့အရသာမှာ ထိုင်းဝယ်လက်တို့၏ အကြိုက်ဖြစ်ခြင်း၊ လုပ်ငန်းသုံးရာတွင် ပိုမိုထိရောက်ခြင်းများကြောင့် ထိုင်းနိုင်ငံရှိ အသင့်စားခေါက်ဆွဲခြောက်လုပ်ငန်း၊ အာလူးကြော် လုပ်ငန်းများမှ ဝယ်ယူလျက်ရှိသော်လည်း ယမန်နှစ်များက တရုတ်နိုင်ငံစိုက်ကြက်သွန်ဖြူအမွှာကြီးများထိုးဖောက် ဝင်ရောက်မှုကြောင့် ဈေးကွက်ပျက်သည့်အနေအထားအထိဖြစ်ခဲ့ရပြီး ဝယ်ယူမှုမရှိသဖြင့် ကြက်သွန်ဖြူစိုက်တောင်သူများ အရင်းပြန်မရသည်အထိ ဆုံးရှုံးမှုများပြားခဲ့ခြင်းကြောင့် ယခုနှစ်တွင် စိုက်ဧကနည်းပါးခဲ့သဖြင့်ဝယ်လိုအားရှိသော်လည်း ရောင်းချနိုင်မှု နည်းပါးခဲ့ရခြင်းဖြစ်ကြောင်းသိရသည်။ ယခုနှစ်တွင် ထိုင်းနိုင်ငံအတွင်း ကြက်သွန်ဖြူစိုက်ပျိုးမှုနည်းပါးခြင်း၊ တရုတ်ကြက်သွန်ဖြူအစား ရှမ်းကြက်သွန်ဖြူကို ဝယ်ယူလာခြင်းတို့ကြောင့် လာမည့်နှစ်တွင် စိုက်ဧကပြည့် ပြန်လည်စိုက်ပျိုး သွားကြမည်ဖြစ်သည်ဟု ကြက်သွန်ဖြူစိုက်တောင်သူများထံကသိရှိရသည်။

**Source:** https://www.facebook.com/myanmaeconomic/posts/ 329711891310429?_ tn-=K-R

## မိုင်းလားဒေသမှ ရော်ဘာထုတ်ကုန်များအား တရုတ်နိုင်ငံသို့ နှစ်စဉ်တင်ပို့လျက်ရှိ

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ အထူး ဒေသ(၄)၊ မိုင်းလားရှိ မိုင်းဝရော်ဘာစက်ရုံမှ ရော်ဘာထုတ်ကုန်များအား တရုတ်နိုင်ငံသို့ နှစ်စဉ်တန်ချိန် ၈ သောင်းခန့် ထုတ်လုပ်တင်ပို့ရောင်းချပေးလျက်ရှိကြောင်းသိရသည်။ အဆိုပါ မိုင်းဝ ရော်ဘာစက်ရုံမှ ထုတ်လုပ်သည့် ရော်ဘာများကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်ပြီး အခြားမှာယူသည့်ဒေသများ ကိုလည်း တင်ပို့ရောင်းချပေးလျက်ရှိသည်ဟု စက်ရုံတာဝန်ခံထံမှသိရသည်။ ကျွန်တော်တို့စက်ရုံမှာ အခြေခံလုပ်သားကနေ အုပ်ချုပ်သူအထိ ဝန်ထမ်းအင်အားစုစုပေါင်း ၁၃၀ ကျော် နဲ့ နေ့ညအဆိုင်းခွဲပြီးလည်ပတ်နေ ပါတယ်။ စက်တပ်ဆင်ထားမှု ၂ လုံးရှိပေမယ့် ကုန်ကြမ်းရရှိမှုနဲ့ထုတ်ကုန် အမှာစာလက်ခံရရှိမှုအပေါ်မှာ မူတည်ပြီး ထုတ်လုပ်နိုင်ပါတယ်ဟု မိုင်းဝရော်ဘာ စက်ရုံမှအုပ်ချုပ်မှုစကားပြန် ဦးမြင့်ထွန်းကကမ္ဘောဇတိုင်းသို့ပြောကြားခဲ့သည်။

မိုင်းဝရော်ဘာစက်ရုံသို့ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်မှ လာရောက်အလုပ်လုပ်ကိုင်နေသည့် ရွှေ့ပြောင်း အလုပ်သမားတစ်ဦးက ကျွန်မဒီကိုရောက်နေတာ ၆ လ လောက်ရှိပါပြီ။ စားရေး၊ နေရေး၊ လျှပ်စစ်မီးနဲ့ ဝိုင်ဖိုင်အခမဲ့ သုံးစွဲခွင့်ကိုစက်ရုံက တာဝန်ယူပေးထားပါတယ်။ ကိုယ့်ဒေသနဲ့ နှိုင်းယှဉ်လိုက်ရင်တော့အဆင်ပြေပါတယ်။ ကျွန်မရဲ့ လုပ်အားခတစ်လကို တရုတ်ယွမ်ငွေ ၂၅၅၀ ရပါတယ်ဟု ၎င်း၏အတွေ့အကြုံကိုပြောဆိုခဲ့သည်။ အထူးဒေသ (၄) မိုင်းလား ၏ နှစ် ၃၀ ပြည့် အထိမ်းအမှတ်အခမ်းအနားကို ဖွန်လ ၂၆ ရက်မှ ၃၀ ရက်အထိ ၅ ရက်ကြာ ကျင်းပပြုလုပ်ခဲ့ပြီး ယင်း အခမ်းအနားတွင် ပြည်တွင်း/ပြည်ပမှ သတင်းမီဒီယာများအားဖိတ်ကြား၍ လေ့လာရေးခရီးစဉ်အဖြစ် နမ့်ပန်းဒေသရှိ မိုင်းဝ ရော်ဘာစက်ရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းသိရသည်။

**Source:** https://www.facebook.com/myanmaeconomic/

## မီတာခများတိုးမြှင့်လိုက်၍ ဆန်ကြိတ်ခွဲခဈေးနှုန်းများမြင့်တက်

လျှပ်စစ်မီတာခနှုန်းထားများကို ဇူလိုင်လမှစတင်၍ တိုးမြှင့်ကောက်ခံလိုက်သောကြောင့် ဆန်နှင့်ဆန်ကွဲတစ်အိတ် ကြိတ်ခွဲခဈေးနှုန်းကို ဇူလိုင်လ ၁ ရက်နေ့မှစတင်ကာ ကျပ် ၁၃၀၀ မှ ၁၅၀၀ အထိ ပြင်ဆင်သတ်မှတ်လိုက်ကြောင်း မြို့နယ်ဆန်စက်လုပ်ငန်းရှင်များအသင်း (ပုသိမ်) ထံမှသိရသည်။ ဇူလိုင်လ ၂ ရက်နေ့က ပုသိမ်မြို့နယ် ဆန်စက် လုပ်ငန်းရှင်များအသင်းရုံးတွင် ပုသိမ်မြို့ရှိ ဆန်စက်ပိုင်များနှင့်တွေ့ဆုံ၍ ဇူလိုင် ၁ ရက်နေ့မှစတင်က လျှပ်စစ်မီတာခ နှုန်းထားများကို ယခင်ကထက် ၃၀ ရာခိုင်နှုန်း၊ ၃၅ ရာခိုင်နှုန်း တိုးမြှင့်ပေးဆောင်ရမည့်အပေါ် နဝလီ (အငှား) ကြိတ်ခွဲခ များကိုလည်း သင့်တင့်သည့်နှုန်းထား ပြင်ဆင်သတ်မှတ်နိုင်ရေးအတွက် အများညှိနှိုင်းဆွေးနွေးမှုအပေါ် အခြေခံကာ ပြင်ဆင်သတ်မှတ် ကောက်ခံခြင်းဖြစ်ကြောင်း ယင်းအသင်းထံမှသိရသည်။

ပဲခူးဘက်မှာကတော့ နဝလီကြိတ်တဲ့စက်တွေနည်းတယ်။ ကြိတ်ခကတော့တိုးလိမ့်မယ်။ စပါးတစ်တင်းရဲ့ ကုန်ကျစရိတ်နဲ့ တက်လာမယ့်မီတာခ ကုန်ကျစရိတ်နဲ့တွက်ပြီး တိုးသွားလိမ့်မယ်။ တက်လည်း ဒီနှုန်းလောက်ပဲ ဖြစ်ပါလိမ့် မယ်ဟု မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးထင်ဇော်လှိုင်ကပြောကြားသည်။ ဆန်နှင့် ဆန်ကွဲကြိတ်ခွဲခသည် တစ်အိတ်လျှင် ကျပ် ၂၀၀ တိုးမြှင့်လိုက်သောကြောင့် စပါးတစ်တင်းကြိတ်ပါက ဆန်အိတ် ၂၅ အိတ်ခန့်ထွက်ရှိကာ ကျပ် ၅၀၀၀ ခန့် တိုးမြှင့်ပေးဆောင်ရမည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။ ဆန်ကြိတ်ခွဲသည့် ဆန်စက်များသည် အစိုးရကပေးသည့် လျှပ်စစ်ကို အများဆုံးအသုံးပြုနေကြခြင်းဖြစ်ပြီး မီးစက်နှင့် ထရန်စဖော်မာ များကို လည်း အရန်သင့်ထားရှိရကြောင်း မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းထံမှသိရသည်။ ဒီစာက မြို့နယ်က ထုတ်စရာမလိုဘူး။ သူတို့စာက တစ်နိုင်ငံလုံးကို ထိခိုက်သွားနိုင်တယ်။ ဒါက အစိုးရမီးလိုင်းသုံးတဲ့ဆန်စက်တွေသာ ဈေးနှုန်းတက်မယ်ပြောတာ။ တကယ်တမ်း ဒီဇယ်၊ ဂက်စ်နဲ့လည်တဲ့ဆန်စက်တွေလည်းရှိတယ်။ အများကြီးပဲ။ ဒီဆန်စက် တွေကိုပါ တက်ခိုင်းတဲ့ပုံစံဖြစ်နေတယ်။ အဲဒီစက်တွေပါ အကျုံးဝင်သွားမှာစိုးတယ်ဟု မြန်မာနိုင်ငံ ဆန်ကုန်သည်အသင်း ဗဟိုအလုပ်အမှုဆောင် ဦးထွန်းဝင်းက သုံးသပ်ပြောကြားသည်။ ဆန်ကြိတ်ခွဲခဈေးနှုန်းများ ပြင်ဆင်သတ်မှတ်လိုက် သောကြောင့် ဆန်ဈေးနှုန်းများပါ မြင့်တက်လာမည်ကို စိုးရိမ်ကြောင်း၎င်းကဆိုသည်။

**Source:** https://www.facebook.com/myanmaeconomic/

## ပဲပုပ်တင်ပို့မှုဖြင့်ပတ်သက်၍ ၂၀၁၉ ခုနှစ်တွင် တရုတ်နိုင်ငံမှကုန်သွယ်ရေးမိတ်ဖက်သစ်များရရှိနိုင်

Bloomberg News၊ ထုတ်ပြန်ချက်အရ ရုရှားနိုင်ငံသည် တရုတ်နိုင်ငံသို့ ကုန်စည်တင်ပို့မှုကိုမြှင့်တင်ရန် စီစဉ် လျက် ရှိပြီး ၂၀၂၄ ခုနှစ်တွင် ရုရှားမှ တရုတ်နိုင်ငံ ပဲပုပ်တင်ပို့မှုပမာဏကို နှစ်စဉ်တန်ချိန် သိန်း(၂၀)အထိ မြှင့်တင်သွားနိုင်သည့် အလားအလာရှိကြောင်း သိရပါသည်။ တရုတ်နိုင်ငံအစိုးရ၏ ကိန်းဂဏန်းများအရ ၂၀၁၈ ခုနှစ် တင်ပို့မှုတန်ချိန်မှာ (၈.၁၇) သိန်းတန်ရှိပါသည်။ စာရင်းတွက်ချက်မှုများအရ ၂၀၁၉ ခုနှစ်တွင် တရုတ်နိုင်ငံသည် ပဲပုပ်တန်ချိန်(၈၄၀)သိန်းခန့် တင်သွင်းရန်လိုအပ်ကြောင်းသိရပါသည်။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ တရုတ်နိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး စာရင်းများအရ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလလယ်ပိုင်းအထိ တရုတ်-ရုရှားကုန်သွယ်ရေးမှာ အမေရိကန်ဒေါ်လာ (၁၀၀) ဘီလီယံကိုကျော်လွန်ကာ သမိုင်းစံချိန်တင်ခဲ့ပါသည်။ ထိုအနက် ယခင်နှစ် နိုဝင်ဘာလတွင် တရုတ်-ရုရှားနှစ်ဦး နှစ်ဖက် ကုန်သွယ်ရေးပမာဏမှာ အမေရိကန်ဒေါ်လာ(၉၇.၂၄)သို့ရောက်ရှိခဲ့ရာ ကာလတူထက် ၂၇.၈% မြှင့်တက်ခဲ့ပါသည်။ ထိုအနက် စိုက်ပျိုးထုတ်ကုန် ကုန်သွယ်ရေးပမာဏမှာ ၃၁% မြှင့်တက်ခဲ့ပြီး တရုတ်နိုင်ငံသည် ရုရှားနိုင်ငံ၏ ပထမ အကြီးဆုံးသော ကုန်သွယ်ရေးမိတ်ဖက်အဖြစ်ကို ဆက်လက်နေရာယူထားကာ ရုရှားသည် တရုတ်နိုင်ငံ၏ ဒသမအကြီးဆုံး ကုန်သွယ်ရေးမိတ်ဖက်ဖြစ်ပါကြောင်းသိရပါသည်။

ပြီးခဲ့သည့်နှစ်၊ နိုဝင်ဘာလတွင် ရုရှားနိုင်ငံ စိုက်ပျိုးရေးဌာနမှထုတ်ပြန်သောသတင်းအရ ရုရှားနိုင်ငံသည် တရုတ် နိုင်ငံသို့ စားသောက်ကုန်၊ ဂျုံမှုန့်၊ အဆီထုတ်ပစ္စည်းများနှင့် သကြားများ၏တင်ပို့မှုပမာဏကို တိုးချဲ့သွားမည်ဖြစ်သည်။ ရုရှား စိုက်ပျိုးရေးဝန်ကြီးဌာနဝန်ကြီးက အနာဂတ်တွင် တရုတ်နိုင်ငံတင်ပို့မှုပမာဏကို တိုးချဲ့ခြင်းမှာ အလွန်အရေးကြီး ကြောင်း ပြောကြားခဲ့ပါသည်။ လက်ရှိတွင်မူ ရုရှားနိုင်ငံ၏ တရုတ်နိုင်ငံလယ်ယာထွက်ကုန်တင်ပို့မှုပမာဏသည် နှစ်နိုင်ငံ လယ်ယာထွက်ကုန် ကုန်သွယ်မှုစုစုပေါင်းပမာဏ၏ တစ်ဝက်အထက်တွင်ရှိပါသည်။ လက်ရှိရုရှားနိုင်ငံ၏ တရုတ်နိုင်ငံသို့ အဓိကတင်ပို့သော ကုန်စည်အမျိုးအစားမှာ ငါးများ၊ ပင်လယ်စာရေထွက်ကုန်များ။ ဟင်းသီးဟင်းရွက်အဆီ၊ ပဲပုပ်နှင့် ချောကလက်တို့ဖြစ်ကြောင်းသိရပါသည်။

Source: https://www.facebook.com/shweliayarnews/ www.bloomberg.com မှကောက်နုတ်ဖော်ပြသည်။

## ကုန်သွယ်ရေးစစ်ဖြစ်နေချိန် အမေရိကန်ဆီ အာဆီယံဒေသမှ ပို့ကုန်တင်ပို့မှု သိသိသာသာမြင့်တက်

လက်ရှိ အမေရိကန်-တရုတ်ကုန်သွယ်ရေး စစ်ပဋိပက္ခတွေပေါ်ပေါက်ထားခဲ့ချိန် ကာလအတွင်း အရှေ့တောင်အာရှနိုင်ငံတွေဆီကနေ အမေရိကန်ဆီ ပို့ကုန်တင်ပို့မှုကတော့ သိသိသာသာမြင့်တက်နေတယ်လို့သိရပါတယ်။ လက်ရှိမှာ ကုန်ထုတ်လုပ်သူတွေကလည်း တရုတ်အခွန်အကောက်တွေ ကင်းလွတ်အောင် ယင်းတို့ရဲ့ ထုတ်လုပ်မှုနေရာတွေကို အပြောင်းအလဲတွေ ပြုလုပ်နေကြရလျက်ရှိပါတယ်။ ပြီးခဲ့တဲ့ မေလမှာဆိုရင် အာဆီယံနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ မလေးရှားကနေ အမေရိကန်ဆီ ပို့ကုန်တင်ပို့မှုဟာ ၁၁ ဒသမ ၇ ရာခိုင်နှုန်းထိမြင့်တက်ပြီး ကန်ဒေါ်လာ၁ ဒသမ ၈၈ ဘီလီယံထိ ရောက်ခဲ့တယ်လို့ မလေးရှားအစိုးရထုတ်ပြန်တဲ့ ကိန်းဂဏာန်းတွေအရသိရပါတယ်။

ယင်းကာလအတွင်းမှာပဲ ထိုင်းကနေ အမေရိကန်ဆီ ပို့ကုန်တင်ပို့မှုဟာ ၇ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ကာ ကန်ဒေါ်လာ ၂ ဒသမ ၆၂ ဘီလီယံထိရောက်ရှိခဲ့ပါတယ်။ အလားတူ စင်ကာပူကနေ အမေရိကန်ဆီ ပို့ကုန်တင်ပို့မှုကလည်း လေးလဆက်တိုက် မြင့်တက်ခဲ့တယ်လို့သိရပါတယ်။ ယခုလို အာဆီယံအဓိကနိုင်ငံတွေဆီကနေ အမေရိကန်ဆီ ပို့ကုန်တင်ပို့မှု တိုးတက်ခဲ့ပေမယ့် တစ်ချိန်တည်းမှာပဲ တရုတ်ဆီပို့ကုန်တင်ပို့မှုပိုင်းမှာတော့ ကျဆင်းမှုတွေဖြစ်ပေါ်ခဲ့တယ်လို့ သိရပါတယ်။

Source: https://asia.nikkei.com/.../Southeast-Asia-exports-to-the-US-...

SFJ Strategy First Journal

## STOCK EXCHANGE (8.7.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 8th Jul. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 11,000 | 11,000 | 10,500 | 1,429 | 15,564,000 | 27,112,747 | 284,684 |
| MTSH | 00002 | 3,350 | +50 | +1.52% | 3,350 | 3,350 | 3,300 | 1,424 | 4,755,000 | 38,929,150 | 130,413 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 23,500 | -1,000 | -4.08% | 23,500 | 24,000 | 23,500 | 348 | 8,188,000 | 2,472,053 | 58,093 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 2,615 | 7,452,750 | 12,212,906 | 34,807 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 431.52 | -0.38 | -0.09% | 441.45 | 441.45 | 431.52 | 5,816 | 35,959,750 | 5 | 589,125 |

**Index chart**



# Market Overview

As of 1:00 pm, 8th Jul. 2019

| MYANPIX-1 | 431.52<br>0.38 |
|---|---|
| Total Volume (shares) | 5,816 |
| Total Value (MMK) | 36 mil |
| Listed Company | 5 |
| Market Cap. (MMK) | 589,125 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | 0 |
| MTSH | 00002 | 3,350 | 50 |
| MCB | 00003 | 7,800 | 0 |
| FPB | 00004 | 23,500 | 1,000 |
| TMH | 00005 | 2,850 | 0 |

TIR

TIR